ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
၂၀၂၆ ပညာသင်နှစ်
ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာ(Medical Engineering)ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၂၀၂۶-ပညာသင်နှစ်၌ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာ (Medical Engineering) ဒီပလိုမာ (၃) နှစ်သင်တန်းကို ဖွင့်လှစ်သင်ကြားမည်ဖြစ်၊ပါ၍ အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်မီသူနိုင်ငံဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

လိုအပ်သောအရည်အချင်းများ

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရပါမည်။

၂။ အောက်ပါဘွဲ့(၃)ခုခု ရရှိထားသူဖြစ်ရပါမည်-

(၁) AGTI (Mechatronics, Electronics, Electrical Power, Mechanical)

(၂) B.Tech(Mechatronics, Electronics, Electrical Power, Mechanical)

(၃) B.E (Mechatronics, Electronics, Electrical Power, Mechanical)

၃။ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်ပြီး၊လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စာတင်ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မယူအနည်းဆုံး လုပ်သက် (၂) နှစ် ပြည့်ပြီးသူ ဖြစ်ရပါမည်။

၄။ လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၄၀) နှစ်ထက်မကျော်လွန်သူဖြစ်ရပါမည်။

၅။ ဒီပလိုမာဘွဲ့ရရှိပြီး၊ပါဂေအနည်းဆုံး(၂)နှစ်နိုင်ငံဝန်ထမ်းအဖြစ်ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၆။ သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရပါမည်။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို မူးတွဲတင်ပြရမည်-

(က) လျှောက်လွှာတွင် ဖော်ပြထားရှိသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ် ရေးထိုးထားသော ခံဝန်ချက်။

(ခ) သက်ဆိုင်ရာဘွဲ့လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ။

(ဂ) ဓာတ်ပုံ (၃) ပုံ (လိုင်စင်ဓာတ်ပုံ)။

(ဃ) အသက်ထောက်ခံစာ(သို့မဟုတ်)တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ။

(င) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ် (အင်းစိန်)တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်-MD-၀၁၁၆၇၀ သို့ ဆေးဘက်ဆိုင်ရာ နည်းပညာ ဒီပလိုမာ ဘွဲ့လွန်သင်တန်းကြေးဝင်ခွင့်စာမေးပွဲကြေးကျပ် ၁၀၀၀/- (ကျပ်တစ်ထောင် တိတိ)ကို ပေးသွင်းထားသော ချလန်မှုရင်း(၁)စောင်။

(မှတ်ချက်။ ဗြိုနယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(အင်းစိန်)တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၊ ငွေစာရင်းအမှတ်-MD-၀၁၁၆၇၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။

၈။ သင်တန်းကိုအမှန်အကယ်စိတ်ဝင်စားပြီး လက်ရှိတွင်လည်း ဆေးရုံသုံးစက်ပစ္စည်းများ၊ ကိုင်တွယ်ခြင်း၊ ပြုပြင်ခြင်းတို့တွင် ဆောင်ရွက်နေသူဖြစ်ကြောင်း သက်ဆိုင်ရာဆေးရုံ/ဌာန/စီမံခန့်ခွဲမှုအဖွဲ့၏ ထောက်ခံချက်ပါရှိရမည်။

၉။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်း မပြုပါ။

၁၀။ ကြေးတင်မိတ္တူတစ်စောင်ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်ပါမောက္ခချုပ်ထံ လိပ်မူ၍ မဖျက်မကွက်ပေးပို့ရမည်။

၁၁။ သက်ဆိုင်ရာဌာန အကြီးအကဲမှတစ်ဆင့် လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝလက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၂။ လျှောက်လွှာမိတ်ဆက်မှာ ၈-၅-၂၀၂၆ ရက် (သောကြာနေ့) ဖြစ်ပါသည်။

၁၃။ အရည်အချင်းစစ်စာမေးပွဲ

သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်နေ့တွင်ဖြေစာမေးပွဲကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် ၂၀-၅-၂၀၂၆ ရက်၊ (တနင်္ဂနွေနေ့)တွင် အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်။

ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ (၂) နာရီ မေးခွန်းကိုဖြေဆိုရပါမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းထုတ်ပေးပါမည်။

(က) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ဖျက်ကွက်လျှင်နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

(ခ) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကိုမထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်ပါသည်။

၁၅။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် ဖိမိတာဝန်ကျရာ မည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်ဖြစ်သည်။

၁۶။ အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် (ဖုန်း-၀၁-၃၆၄၅၅၃၃၊ ၀၁-၃၆၄၅၅၃၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်)ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ Website (www.umty.gov.mm) သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်